ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ – ၄. ၄. ၁၀

## ကဲလ်ဗင်းဩဝါဒကိုလေ့လာခြင်း

(Calvinism, the truth.... Arminianism, the lie, Rev. Robert C. Harbach)

ကျွန်တော်တို့အသင်းတော်ဟာ ကဲလ်ဗင်းဩဝါဒကို ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဝါဒဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဩဝါဒတွေထဲမှာ ကျမ်းစာနဲ့အညီဆုံးဖြစ်တယ်။ အဲဒီဝါဒကို ဂျွန်ကဲလ်ဗင်းဆိုတဲ့ အသင်းတော်ကိုပြန်လည်ပြုပြင်ခဲ့သူခေါင်းဆောင်တယောက်ရဲ့နာမည်အားဖြင့် မှည့်ခေါ်ထားတယ်။ အဲဒီဝါဒကို လူသိလွယ်အောင်လို့ သူ့နာမည်နဲ့ မှည့်ထားပေမဲ့၊ အဲဒီပုဂ္ဂိုလ်ကြီးက ရေးသားခဲ့တာမဟုတ်ဘူး။ ကဲလ်ဗင်း သေဆုံးပြီး၊ နောက်နှစ်ပေါင်းများစွာကြာမှ သူရေးသားခဲ့တဲ့ စာအုပ်တွေကနေ၊ ကျမ်းစာနဲ့ကိုက်ညီပြီး ရီဖေါ့မ်အသင်းတော်တွေက ရေးသားကြတာဖြစ်တယ်။

ရေးသားရတဲ့အကြောင်းကတော့ နတ်ဆိုးရဲ့တမန် အာမီးနီးယပ်စ်ဆိုတဲ့ လူတယောက်က ရီဖေါ့မ်အသင်းတော်တွေထဲမှာ ကျမ်းစာနဲ့မညီတဲ့ ဩဝါဒတွေ သွန်သင်ခဲ့လို့ဖြစ်တယ်။ အဲဒီနတ်ဆိုးသားက မဟုတ်တဲ့တရားတွေ သွန်သင်ချိန်မှာ၊ ခေါင်းဆောင်ကြီးကဲလ်ဗင်းကွယ်လွန်တာ နှစ်(၅၀)လောက်ရှိသွားပါပြီ။ ဂျွန်ကဲလ်ဗင်းဟာ ၁၅၆၄ မှာကွယ်လွန်ပါတယ်။ အာမီးနီးယပ်စ်ဟာ ၁၅၆၀ မှာမွေးပြီး၊ ၁၆၀၉ မှာသေပါတယ်။ အဲဒီအာမီးနီးယပ်စ်ရဲ့သွန်သင်မှုကို အာမီးနီးယန်းဝါဒလို့ခေါ်ပါတယ်။ ဒီနေ့ခေတ် ဧဝံဂေလိဆရာတွေ ၁၀၀ မှာ ၉၉ ယောက်လောက်က အဲဒီနတ်ဆိုးသားရဲ့ဝါဒကို ယုံကြည်နေကြတယ်လို့ပြောရင် ခင်ဗျားမအံ့ဩပါနဲ့။ ဒီနတ်ဆိုးသားရဲ့ ဩဝါဒက လူသာပဓာနဆိုတဲ့ လူသားရဲ့အရေးကြီးမှု၊ ဘုရားဆိုတာ လူကယုံကြည်မှသာ လူကိုကယ်တင်နိုင်တယ်။ လူကသာ မယုံကြည်ချင်ဘူးဆိုရင် ဘုရားက အရမ်းကို ကယ်တင်ချင်ပေမဲ့ မကယ်တင်နိုင်ရှာဘူးလို့ ဘုရားထက်လူကို အရေးထားတဲ့ ဝါဒဆိုးတခုဖြစ်တယ်။

အဲဒီ ကျွန်တော်တို့ယုံကြည်တဲ့ ကဲလ်ဗင်းဩဝါဒကို၊ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့၊ အမေရိကန်နိုင်ငံ ပရိုတက်စတင့်အသင်းတော်များရဲ့ သင်းအုပ်တယောက် ရေးခဲ့တဲ့ စာကို အခြေခံပြီးလေ့လာကြပါမယ်။ ကဲဗင်းဩဝါဒကိုလေ့လာကြတဲ့အခါမှာ အောက်ပါခေါင်းစဉ်ကြီးတွေအတိုင်း လေ့လာသွားကြပါမယ် –

၁) ဘုရားသခင်၏အစိုးရတော်မူခြင်း (Divine Sovereignty)
၂) လူသားအပြစ်ထဲ၌လုံးလုံးလျားလျားကျဆုံးခြင်း (Total Depravity)
၃) ချွင်းချက်မဲ့ရွေးကောက်ခြင်း (Unconditional Election)
၄) ငြင်းပယ်တော်မူခြင်း (Reprobation)
၅) တားဆီး၍မရသောဘုရားသခင့်ကျေးဇူးတော် (Irresistible Grace)
၆) သန့်ရှင်းသူ(ယုံကြည်သူ)တို့၏ခွဲရှိစွာအသက်ရှင်ခြင်း (Perseverance of the Saints)

### ၁) ဘုရားသခင်၏အစိုးရတော်မူခြင်း (Divine Sovereignty)

ဘုရားသခင်ဟာ အစိုးရတော်မူသောသူဖြစ်တယ်။ သူဟာ သူဖန်ဆင်းတဲ့ ဖန်ဆင်းခြင်းတခုလုံးကို ထိန်းချုပ်ထားတော်မူပါတယ်။ စကြဝဠာတခုလုံး၊ လူသားတရပ်လုံးကို ထိန်းချုပ်တော်မူတယ်။ ဘယ်အရာမှ သူ့ရဲ့ ထိန်းချုပ်တော်မူမှု အောက်ကနေ လွတ်တာမရှိဘူး။ ဒါကြောင့် ကျမ်းစာက “ထာဝရဘုရား၏မျက်စေ့တော်သည် ခပ်သိမ်းသောအရပ်၌ရှိ၍၊ ကောင်းမကောင်းကို ကြည့်ရှုတော်မူ၏”လို့ပြောတာဖြစ်တယ် (သုတ္တံ

၁၅း၃)။ ကျွန်တော်တို့ တယောက်ချင်းရဲ့အသက်တာတွေပါတယ်၊ ကျမ်းစာက "သူ့အထဲ၌ ကျွန်တော်တို့သည် ရှင်သန်ကြ၏"လို့ပြောတယ်၊ ကျွန်တော်တို့ရဲ့ လှုပ်ရှားပြုမူမှုတွေပါတယ်၊ "သူ့အထဲ၌ ကျွန်တော်တို့သည် လှုပ်ရှားနေကြ၏"တဲ့၊ ကျွန်တော်တို့ရဲ့ ဖြစ်တည်မှု တခုလုံးပါတယ်၊ "သူ့အထဲ၌ ကျွန်တော်တို့သည် မိမိတို့ဖြစ်တည်မှုများကို ရရှိကြ၏"လို့ ကျမ်းစာကပြောပါတယ် (တမန် ၁၇း၂၈ – ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျှက်၊ လှုပ်ရှားလျှက်၊ ဖြစ်လျှက် ရှိကြ၏။ For in him we live, and move, and have our being;)။ ကျွန်တော်တို့က ကိုယ်ဘာလုပ်မလဲဆိုတာ ကြံစည်လျှက် အစီအစဉ်ဆွဲကြပါတယ်၊ ဒါပေမဲ့ ဘုရားသခင်ကဘဲ ကျွန်တော်တို့ရဲ့ ခြေလှမ်းတွေကို ထိန်းချုပ်ပါတယ် (သုတ္တံ ၁၆း၉)။

ဒါ့ကြောင့် ကဲလ်ဗင်းသြဝါဒက၊ ပထမဆုံးဥပဒေသဟာ "ဘုရားသခင်သည်သာအဓိက"လို့ ပြောပါတယ်။ ဘုရားသခင်ဟာ စကြဝဠာထဲမှာ အဓိကဖြစ်တယ်။ "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကၤင်း၊ ကိုယ်တော်အားဖြင့်၎င်း၊ ကိုယ်တော်အဘို့အလို့ငှာ၎င်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်" (ရောမ ၁၁း၃၆)။ ဖန်ဆင်းခြင်းထဲမှာ၊ သဘာဝတရားဆိုတာကြီးထဲမှာ ဘုရားသခင်ကသာ မဖြစ်ခိုင်းရင် ဖြစ်တယ်ဆိုတာ တခုမှ မရှိနိုင်ပါဘူး။ ဒါပေမဲ့ ဘုရားသခင်ဟာ အရာခပ်သိမ်းကို သူ့ရဲ့ အလိုဆန္ဒ အကြံအစည်အတိုင်း လုပ်နေတာဖြစ်တယ် (ဧဖက် ၁း၁၁)။ ဘာတခုမှ မတော်တဆဖြစ် တယ်ဆိုတာ မရှိဘူး။ ကျွန်တော်တို့ရဲ့ ကောင်းကင်ဘုံမှ ခမည်းတော်ရဲ့ ကျေးဇူးတော်ဖြင့် ခန့်ထားတာ၊ လမ်းညွှန်တာတွေသာလျှင် ဖြစ်ပျက်ကြပါတယ်။ "ငါ့အကြံ တည်လိမ့်မည်၊ ငါအလိုရှိသမျှကို ငါပြည့်စုံစေမည် --- ငါသည် နှုတ်ထွက်အတိုင်း ပြုမည်၊ ကြံသည်အတိုင်း စီရင်မည်" (ဟေရှာ ၄၆း၁၀–၁၁)။ ပြီးတော့ ဘုရားသခင်ဟာ ဆိုးညစ်ခြင်းဖြစ်လာဖို့ ခွင့်ပြုယုံကလေး ခွင့်ပြုတာမဟုတ်ပါဘူး၊ ဆိုးညစ်ခြင်းပြုနိုင်ဖို့ စွမ်းအားကိုလဲပေးတော်မူပါတယ်၊ "အထက်အရပ်မှအခွင့်ကိုမရလျှင် မင်းကြီးသည်ငါ့ကို အဘယ်သို့မှမပြုပိုင်" (ယော ၁၉း၁၁)၊ ဘာဖြစ်လို့လဲဆိုတော့ "တန်ခိုးကို ဘုရားသခင်ပိုင်တော်မူ၏"(ဆာလံ ၆၂း၁၁)။ ဒါ့အပြင် ဘုရားသခင်ကဆိုးညစ်ခြင်းဟာ သူ့ရဲ့ ထာဝရအကြံအစည်တော်အတိုင်း ဖြစ်လာရမယ်လို့ အစိုးရတော်မူစွာ ကြိုတင်ခွဲခန့် ဆုံးဖြတ်ထားတော်မူပါတယ်၊ "ဟေရုဒ်မင်း၊ ပုန္တိပိလတ်မင်းမှစ၍ ဣသရေလအမျိုးသား၊ တပါးအမျိုးသားတို့သည်၊ ကိုယ်တော်၏ အလိုရှိသည်အတိုင်း၊ ရှေးမဆွက လက်တော်ဖြင့် ခွဲခန့်မှတ်သားတော်မူနှင့်သမျှတို့ကို ပြုခြင်းငှာ၊ ဘိသိတ်ပေးတော်မူသော သားတော်မြတ်ယေရှုကို ဤမြို့၌ ရန်ဘက်ပြု၍ စည်းဝေးကြပြီ အမှန်ဖြစ်ပါ ၏"(တမန် ၄း၂၇–၂၈)။ ယောသပ်ရဲ့ ညီအကိုတွေက ဆိုးညစ်တဲ့အကြံနဲ့ ယောသပ်ကို အီဂျစ်ပြည်ကို ရောင်း စားခဲ့ကြတာ ဖြစ်ပေမဲ့၊ တကယ်တမ်းတော့ သူတို့မဟုတ်ဘဲ ဘုရားသခင်က ယောသပ်ကို ပို့လိုက်တာ ဖြစ်ပါ တယ်။ ဒါ့ကြောင့် အဲဒီဆိုးညစ်ခြင်းအပြုအမူကို အမိန့်ပေးသူဟာ ဘုရားသခင်ဖြစ်ပါတယ်(ကမ္ဘာ ၄၅း၈)။ ကျမ်းစာကပြောတဲ့ ဥပဒေသကတော့၊ ဆိုးညစ်သောအုပ်ချုပ်သူတွေ၊ သူတို့တဲ့ ဆိုးညစ်သော ပြုမူခြင်းတွေ ဟာ ဘုရားသခင်ရဲ့ ခွဲခန့်ခြင်းကနေ ဖြစ်လာကြတယ်ဆိုတာပါဘဲ။ "အမြင့်ဆုံးသောဘုရားသည် လောကီနိုင် ငံကို အုပ်စိုးတော်မူ၏၊ ပေးလိုသောသူတို့အား ပေးတော်မူ၏၊ ယုတ်မာသောသူတို့ကိုလည်း ချီးမြှောက် တော်မူတတ်၏" (ဒံ ၄း၁၇)။ အာဏာစက်ရှိသမျှသည်(မည်မျှဆိုးသောအစိုးရပင်ဖြစ်စေ) ဘုရားသခင် ခန့် ထားတော်မူရာ ဖြစ်သည်" (ရောမ ၁၃း၁)။

စစ်ပွဲတွေဟာလဲ ဘုရားသခင်ရဲ့လုပ်ဆောင်မှုတွေဘဲ ဖြစ်ပါတယ်၊ "ထိုလူမျိုးတို့ကို ကျေးဇူးမပြု၊ အကုန်အစင် သုတ်သင် ပယ်ရှင်းစေမည်အကြောင်း၊ သူတို့သည် ဣသရေလအမျိုးသားတို့ကို ဆီး၍ တိုက်ခံ့သည်တိုင်အောင် သူတို့စိတ်နှလုံး ခိုင်မာစေခြင်းငှာ၊ ထာဝရဘုရားက ခိုင်မာစေတော်မူသည်" (ယောရှု ၁၁း၂၀)။ တကယ်တမ်း ပြောရရင် ဘုရားသခင်က လှုပ်ရှားစေတော့မှဘဲ လူဟာ လှုပ်ရှားတာဖြစ်ပါတယ်။ "ဘုရားသခင်အထဲ၌သာ ငါတို့သည် အသက်ရှင်ကြ၏၊ လှုပ်ရှားနိုင်ကြ၏။" အဲဒါကြောင့် မှန်တယ်ဆိုတာကို ကျွန်တော်တို့တွေ လုပ်နိုင်ရလေအောင် ဘုရားသခင်က လုပ်မပေးမချင်း၊ မလုပ်နိုင်ကြပါဘူး။ "အိုး ထာဝရဘုရား၊ အကျွန်ုပ်တို့ကို အထံတော်သို့ လှည့်စေတော်မူပါ၊ သို့ပြုလျှင် အကျွန်ုပ်တို့သည် ပြန်၍ လာကြပါမည်" (မြည် ၅း၂၁)။ လူဟာ သူဘာလုပ်မယ်ဆိုတာကို အမြဲတမ်း စီမံကိန်းဆွဲတတ်ပါတယ်၊ ဒါပေမဲ့ ဘုရားသခင့် ထိန်းချုပ်မှုကနေ လွတ်ပြီး ဘယ်တော့မှ စီမံကိန်း မဆွဲနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ သူ့ရဲ့အတွေးများနဲ့

ပြောတဲ့စကားလုံးတွေ အားလုံးဟာ ဘုရားသခင်ရဲ့ အစိုးရတော်မူသော လုပ်ကိုင်စေမှုကနေ ထွက်လာကြတာချည်းဘဲ ဖြစ်ပါတယ်။ “လူ၏ စိတ်နှလုံးအကြံအစည်တို့နှင့် လျှာမှပြန်ဖြေမှုတို့သည် ဘုရားသခင်ထံမှလာ ၏” "The preparations of the heart in man, and the answer of the tongue are from the Lord" (သုတ္တံ ၁၆း၁၊ ဆရာယုဒသန် ရဲ့ မြန်မာကျမ်းစာမှာ ပြန်တာ သိပ်မကောင်းလို့ အသစ်ပြန်လိုက်ပါတယ်၊ ဆ ရာယုဒသန်ရဲ့ ဘာသာပြန်ခြင်းမှာ သုတ္တံကျမ်းဟာ အတော့်ကို မကောင်းဘူးဆိုတာတွေ့ရပါတယ်)။ “လူသွား ရာလမ်းတို့ကို ဘုရားသခင်က ပိုင်၏၊ ထို့ကြောင့် လူသည် မိမိသွားမည့်လမ်းကို အဘယ်သို့ နားလည်နိုင်မည် နည်း” "Man's goings are of the Lord, how can a man then understand his own way?" (သုတ္တံ ၂၀း၂၄)။ ဆိုလိုတာက လူဟာ သူ့ဘာသာသူ လွတ်လပ်စွာ လျှောက်မလုပ်နိုင်ဘူးလို့ ပြောတာဖြစ်တယ်။ ဘု ရားသခင်တပါးတည်းသာ အဆုံးစွန်သော လွတ်လပ်မှုနဲ့ လွတ်လပ်တော်မူတယ်။ လူသားရဲ့အလိုဆန္ဒတွေဟာ အမြဲတမ်း ဘုရားသခင်ကို ဝန်ခံနေရပါတယ်။ “မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှမဟုတ် သကဲ့သို့ ဖြစ်ကြ၏၊ ကောင်းကင်ဗိုလ်ခြေတို့၌၄င်း၊ မြေကြီးသားတို့၌၄င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြု ပြင်တော်မူ၏၊ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်၊ အဘယ်သို့ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင် သောသူ မရှိ” (ဒံ ၄း၃၅)။ အဲဒီလိုဘဲ ဘုရားသ ခင်ဟာ ကျေးဇူးတော်နဲ့ပတ်သက်ရင်လဲ အစိုးရတော်မူပါ တယ်။ ဘုရားသခင်ရဲ့ ဂရုဏာဟာ အမြဲတမ်းဘဲ အစိုးရတော်မူပါတယ်၊ လူကနောင်တရမှု၊ လူက သဘာဝအ လင်းကို ကောင်းစွာအသုံးချပြီးမှ စတဲ့ချွင်းချက်တွေနဲ့ ဘာမှမပတ်သက်ပါဘူး။ မပြောင်းလဲတဲ့ လူတယောက် ဟာ သဘာဝအလင်းဆိုတာကို ဘယ်တော့မှ အသုံးမပြုနိုင်ပါဘူး (ရောမ ၁း၂၀၊ ၈း၈)။ နောင်တရခြင်း ဆိုတာဟာ ဘုရားသခင်ပေးတဲ့ လက်ဆောင်ဖြစ်ပါတယ် (၂တိ ၂း၂၅၊ တမန် ၁၁း၁၈)။

နောက်ဆုံးအနေနဲ့ သခင်ခရစ်တော်ရဲ့ အသေခံတော်မူခြင်းဟာ ဘုရားသခင်ရဲ့ဘုန်းတော်အတွက်နဲ့ ဘုရားသခင်ကို ချီးမွမ်းဖို့အတွက်ဖြစ်ပါတယ်၊ ဝိညာဉ်တွေကို ငရဲကကယ်ထုတ်ဖို့ သက်သက်ဘဲ မဟုတ်ပါ ဘူး။ “ကျေးဇူးတော်ဘုန်းတော်ကို ချီးမွမ်းခြင်းအလို့ငှာ၊” “ငါတို့အားဖြင့် ဘုန်းတော်ကိုချီးမွမ်းစေခြင်းအ ကြောင်း၊” ကယ်တင်ရခြင်းအကြောင်းတခုလုံးသည် “ဘုန်းတော်ချီးမွမ်းရန်ဖြစ်သည်၊” (ဧဖက် ၁း၆၊၁၂၊ ၁၄)။ “ကယ်တင်သောအရှင်သည် သင်တို့အဖို့(ရွေးကောက်ခြင်းခံရသူတို့အတွက်သာ) ဘွားမြင်ခြင်းကို ခံတော်မူပြီ (ဘာကြောင့်နည်း? လူသားများပိုမိုကောင်းမွန်လာဖို့လား? မဟုတ်ပါ)၊ ဘုရားသခင်၏ ဘုန်းတော်သည် အ မြင့်ဆုံးအဖြစ်နှင့် ထင်ရှားရန်ဖြစ်သည်” (လုကာ ၂း၁၁၊ ၁၄)။ ကျမ်းစာရဲ့ အမြင့်မားဆုံးအမှန်တရားကိုပြော ရရင်၊ ဘုရားသခင်ဟာ သူ့ရဲ့ထာဝရအကြံအစည်တော်မှာ သူ့ရဲ့ဘုန်းတော်ထင်ရှားမှုအတွက် ရည်ရွယ်ချက် ထားတော်မူပါတယ်။ ဘုရားသခင်ဟာ ဘုရားသခင်ဖြစ်ပါတယ်။

၂) လူသားအပြစ်ထဲ၌လုံးလုံးလျှားလျှားကျဆုံးခြင်း (Total Depravity)

ကျမ်းစာရဲ့အမှန်တရားအတိုင်း ကဲလ်ဗင်းဩဝါဒက လူသားဟာ မူလဖြောင့်မတ်ခြင်းအခြေအနေက နေ လုံးလုံးလျှားလျှား ရွေ့လျှော့ကျဆုံးသွားပြီလို့ ဝန်ခံပါတယ်။ လူ့ရဲ့ အပြစ်နဲ့ပြည့်နေတဲ့ ဇာတိသဘာဝထဲမှာ “ကောင်းတဲ့အရာ မရှိတော့ပါဘူး၊” (ရော ၇း၁၈)။ ကျမ်းစာကပြောပါတယ်၊ “ဖြောင့်မတ်သောသူ တယောက် မျှမရှိ”လို့ (ရော ၃း၁၀)။ ဒါ့ကြောင့် လူသားဟာ အပြင်ပန်းကကြည့်ရင် အသက်ရှင်နေပေမဲ့၊ သူဟာ လုံးလုံး လျှားလျှား ကျဆုံးနေပါတယ်၊ ဝိညာဉ်ရေးရာ လုပ်ဆောင်နိုင်စွမ်းအားလုံးဟာ ကျဆုံးနေပါတယ်၊ “ဒုစရိုက်အ ပြစ်၌ သေလျက်ရှိနေသည်” (ဧဖက် ၂း၁–၃)။ အဲဒီသေခြင်းဟာ လူသားတရပ်လုံးကို ကူးဆက်နေပါတယ် (ရော ၅း၁၂)။ “ငါတို့သည် သေစေဟုစီရင်ခြင်းကို ကိုယ်တိုင်ခံကြရသည်” (၂ကော ၁း၉)။ ကဲလ်ဗင်းဩဝါဒ တခုတည်းကသာ လူသားရဲ့ ဝိညာဉ်ရေးအရ သေနေခြင်းအဖြစ်ကို အလေးအနက်ထားပါတယ်။ ဘာလို့လဲဆို တော့ လူဟာ သေနေပါတယ်၊ တဝက်တပိုင်းသေတာမဟုတ်ဘူး၊ သူဟာ သေချင်းမှာ လုံးဝကို နစ်မြုတ်သွား ပြီဖြစ်တယ်။ အာဒံ အပြစ်ထဲ ကျဆုံးချိန်ကနေ လူသားဟာ ကောင်းမြတ်ခြင်းကို လုပ်နိုင်တဲ့ အစွမ်းသတ္တိ အားလုံး ပျောက်သွားပြီဖြစ်တယ်၊

သူ့ကိုယ်သူ ပိုကောင်းအောင် မလုပ်နိုင်တော့ဘူး။ လူသားဟာ “မကောင်း သောအမှုတို့၌ လိမ္မာကြ၏၊ ကောင်းသောအမှုတို့ကို မပြုတတ်ကြ” (ယေ ၄း၂၂ "wise to do evil, but to do good he has no knowledge")။ လူ့ရဲ့ သဘာဝကိုယ်၌က ကောင်းမြတ်ခြင်းကို မလုပ်နိုင်တော့ဘူး၊ ဆိုး ညစ်ခြင်းကြတော့ ဆက်တိုက်လုပ်နေပါတယ် (ယေ ၁၃း၂၃)။ ဒါ့ကြောင့် စိတ်ဆန္ဒရဲ့ လွတ်လပ်ခြင်းဆိုတာ အပြစ်ထဲမှာ ကျဆုံးပြီးဖြစ်တဲ့ လူသားအတွက်တော့ သူ့သဘာဝနဲ့ကိုက်ညီစွာ လွတ်လပ်ခြင်းကို သုံးတတ်တာ ဖြစ်တယ်။ အဲဒီလူ့သဘာဝဟာ ဘယ်လိုဖြစ်နေပြီလဲ? လုံးလုံးလျှားလျှားပျက်ဆီးနေတဲ့သလာဝဖြစ်တယ်၊ “စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏၊ အလွန်ယိုယွင်းသောသဘော ရှိ၏၊ စိတ်နှလုံးသ ဘောကို အဘယ်သူ သိနိုင်သနည်း? ငါထာဝရဘုရားသည် နှလုံးကျောက်ကပ်တို့ကို စေ့စေ့ စစ်ကြောတတ် ၏” (ယေ ၁၇း၉–၁၀)။ လူသားရဲ့ “ဇာတိပကတိသဘောဟာ ဘုရားသခင်နဲ့ ဆန့်ကျင်ဖက် ဖြစ်ပါတယ်၊ ဘု ရားသခင်ရဲ့ တရားတော်အလိုကို မလိုက်ချင်ဘူး၊ လိုက်လဲမလိုက်နိုင်ဘူး၊ ဒါ့ကြောင့် ဇာတိပကတိမှာ ကျင် လည်တဲ့ လူတွေဟာ ဘုရားသခင်ရဲ့စိတ်တော်နဲ့ တွေ့ကို မတွေ့နိုင်ကြပါဘူး” (ရော ၈း၇–၈)။ အဲဒီလို ဖြစ်နေ တာကြောင့် ဘုရားသခင်ရဲ့ ပြောင်းလဲပေးခြင်းကို မရရှိသူတွေဟာ မယုံကြည်နိုင်ဘူး၊ ယုံလဲ မယုံချင်ပါဘူး။ ဘုရားသခင်ရဲ့ တန်ခိုးတော်အားဖြင့် လုပ်မပေးမချင်း ကျွန်တော်တို့ မယုံကြည့်ကြပါဘူး (ဖေက် ၁း၁၉)။ ကျွန်တော်တို့ဟာ ကျေးဇူးတော်အားဖြင့်သာ ယုံကြည်ကြတာဖြစ်တယ် (တမန် ၁၈း၂၇)၊ ကျွန်တော်တို့ ယုံ ကြည်နိုင်ရတဲ့ စိတ်နှလုံး ရှိကြတာဟာ ဘုရားသခင့် လုပ်ပေးတော်မူခြင်းရဲ့ ရလဒ်သာဖြစ်တယ် (ကောလော သဲ ၂း၁၂ ကို ဆရာယုဒသန်က “ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့်”လို့ ဘာသာပြန်ပါတယ်၊ ဒါပေမဲ့ မူရင်းကျမ်း စာက "the faith of the operation of God," လို့ပြောတော့၊ “ယုံ ကြည်ခြင်းဆိုသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းဖြင့်”လို့ ဘာသာပြန်ရင်ပိုမှန်ပါတယ်)။ ဘာ ဖြစ်လို့လဲ? ဘာဖြစ်လို့လဲဆိုတော့ ယုံကြည်ခြင်းဆိုတာ ဘုရားသခင်ပေးတဲ့ လက်ဆောင် ဖြစ်လို့ပါဘဲ။ လူ့မှာ သဘာဝအားဖြင့် မရှိတဲ့အရာ၊ ဘုရားသခင်က လက်ဆောင်အဖြစ် ပေးမှသာ ရှိလာတဲ့အရာ ဖြစ်တယ်။ လူ တိုင်းကို မပေးပါဘူး။ ဒါ့ကြောင့် ပေါလုက “ယုံကြည်ခြင်း ရှိသောသူတို့” ဆိုတဲ့စကားလုံးကို သုံးတာဖြစ် တယ် (ဂလာ ၃း၉)။ ပေါလုက တချို့သောသူတို့မှာ ယုံကြည်ခြင်း မရှိဘူးလို့ မပြောပါဘူး၊ လူအားလုံးမှာ ယုံ ကြည်ခြင်း မရှိဘူးလို့ ပြောပါတယ် (၂သက် ၃း၂၊ ဒီ ကျမ်းပိုဒ်ကိုလည်း ဆရာယုဒသန်က “လူတိုင်း သစ္စာရှိ သည်မဟုတ်”လို့ ဘာသာပြန်တယ်၊ ဒါပေမဲ့ မူရင်းမှာ "for all *men* have not faith" လို့ပြောတဲ့အတွက် အမှန် က “လူတိုင်းတွင် ယုံကြည်ခြင်းမရှိ”လို့ ဘာသာပြန်ရမှာ ဖြစ်တယ်)။ ဘာလို့ လူတိုင်းမှာ ယုံကြည်ခြင်း မရှိရ တာလဲ? ယုံကြည်ခြင်းဆိုတာ “ကျေးဇူးတော်က ပေးတာဖြစ် လို့ဘဲ” (ရောမ ၁၂း၃၊ ၆)။ လူသား တယောက် မကျန်ကို ပေးတာမဟုတ်ဘူး၊ “သန့်ရှင်းသူတို့ကိုသာ အပ်ပေးသော ယုံကြည်ခြင်း” ဖြစ်ပါတယ် (ယုဒ ၃)။ ပြီး တော့၊ ဒုတိယမွေးခြင်း ခံရတာရယ်၊ ယုံကြည်ခြင်းကို ရရှိတာတွေမှာ လူသားဟာ လက်ခံရရှိသူ အနေနဲ့သာ ပါဝင်ပါတယ်။ မွေးကင်းစကလေးငယ်လိုပေါ့၊ ဘာမဆို သူ့အတွက်နဲ့ သူ့ဆီကိုဘဲ လုပ်ပေးနေရသလို ဖြစ် တယ်။ မွေးခါစကလေးလေးက သဘောတူလို့ ဆိုတာမျိုး မရှိပါဘူး။ ကယ်တင်ခြင်း ရရှိဖို့ ပထမဆုံး လုပ် ကိုင်မှုဟာလဲ အဲဒီလိုဘဲဖြစ်ပါတယ်။ “ကိုယ့်ကိုယ်ကို ကယ်ကြပါ”လို့ ပြောတဲ့နေရာ ကျမ်းပိုဒ်ဟာလဲ၊ မူရင်း ဂရိကျမ်းစာမှာ “ကယ်တင်ခြင်းကို ခံယူကြပါ”လို့ ပြောနေတာဖြစ်တယ် (သဒ္ဒါသဘောနဲ့ ပြောရရင် ပြုလုပ်သူ ဝါကျ မဟုတ်ဘဲ ပြုခြင်းခံရသူဝါကျ ဖြစ်ပါတယ်)။ ဘုရားသခင်ဟာ အပြစ်တွေနဲ့ ဒုစရိုက်တွေထဲမှာ သေနေ တဲ့ အပြစ်သားကို အမြဲတမ်း အသက်ရှင်သူ ဖြစ်အောင် ပြုလုပ်ပေးတယ် ဆိုတာကို ပြောတာ ဖြစ်တယ်။ အဲဒီလို လုပ်ပေးခြင်း ခံပြီးတဲ့အခါမှာ လူသားဟာ ဘုရားသခင်အတွက် ပြုမူလှုပ်ရှားလာနိုင်ပါတယ်၊ တနည်း အားဖြင့် ယုံကြည်လာနိုင်ပါတယ်။ ဘုရားသခင်အတွက် အသက်ရှင်လာနိုင်ပါတယ်။ ဒါ့ကြောင့် ဘုရားသခင် ကို “ယုံကြည်လာခြင်း၊” “လက်ခံခြင်း” ဆိုတာတွေဟာ ဘုရားသခင်ရဲ့ “အသစ်မွေးဖွားခြင်းကို” ခံကြပြီးသူ တွေရဲ့၊ အသစ်ဖန်ဆင်းခြင်းကို ခံကြပြီးသူတွေရဲ့ ပြုမှုလှုပ်ရှားမှုတွေသာ ဖြစ်ကြပါတယ်(ယောဒ း၁၂၊၁၃။) ဒုတိ ယမွေးခြင်း ခံပြီးသူအနေနဲ့ ယုံကြည်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသစ်ဖန်ဆင်းပြုပြင်ခြင်း ခံပြီးသား ဖြစ် လို့ပါဘဲ (believed as *born* again, and *because* regenerated)။ လူတယောက် ယုံကြည်တယ်၊ အဲဒီလို ယုံကြည်တဲ့အတွက် အသစ်ဖန်ဆင်းခြင်း ခံရတယ်ဆိုတာမျိုး ဘယ်တုန်းကမှ မမှန်ပါဘူး။

အဲဒါနဲ့ပြောင်းပြန် လူတယောက်ဟာ ယုံကြည်လာဖို့ အသစ်ပြုပြင်ခြင်း ခံရပါတယ်။ "နားထောင်၍....ယုံကြည်သောသူ သည် ထာဝရအသက်ကို ရ၏" (ယော၅း၂၄)။ ဘာဖြစ်လို့ နားထောင်ပြီး၊ ယုံကြည်ရတာလဲ? ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ သေခြင်းကနေ အသက်ရှင်ခြင်းကို ကူးပြောက်ပြီးသူ ဖြစ်လို့ပါဘဲ။ သူဟာ မယုံကြည်ခင်က ထဲက အသက်ရှင်ခြင်းထဲမှာ ရောက်နှင့်ရပါမယ်။ ဒါ့ကြောင့် "ယုံကြည်လာခြင်း"ဆိုတာဟာ အသစ်ပြုပြင် ခံ ရပြီးဖြစ်ခြင်းရဲ့ သက်သေဘဲဖြစ်ပါတယ်။

လူသားရဲ့အလိုဆန္ဒက၊ ဘုရားသခင်ရဲ့အလိုတော်ကို ဘယ်တော့မှ ကျဆုံးစိတ်ပျက်ရအောင် မလုပ်နိုင်ပါဘူး။ မဿဲ ၂၃း၃၇ ကပြောချင်တာကလဲ၊ သခင်ခရစ်တော်ဟာ သူ့သားသမီးတွေကို စုစည်းချင်ပေမဲ့၊ သားသမီးတွေက လက်မခံကြဘူးလို့ ပြောနေတာ မဟုတ်ပါဘူး၊ မြေဆိုးရဲ့သားသမီးများနဲ့တူသောသူများက လက်မခံချင်ကြဘူးလို့ပြောနေတာဖြစ်တယ် (မဿဲ ၂၃း၁၃၊ ၁၅)။

## ၃) ချွင်းချက်မဲ့ရွေးကောက်ခြင်း (Unconditional Election)

ကဲလ်ဗင်းဩဝါဒကတော့ ကျမ်းစာနဲ့ညီစွာ၊ ဘုရားသခင်က ကျွန်တော်တို့ကို ရွေးတော်မူရတာဟာ ကျွန်တော်တို့တွေ သန့်ရှင်းကြလို့ မဟုတ်ဘူး၊ သန့်ရှင်းလာကြဖို့ဖြစ်တယ်လို့ ပြောပါတယ်၊ "ငါတို့သည် ဘုရားသခင့် ရှေ့တော်၌ မေတ္တာအားဖြင့်၊ သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း၊ ဤကမ္ဘာ မတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်" (ဖေက် ၁း၃–၄)။ ကျွန်တော်တို့က နာခံလိမ့်မယ်လို့ ကြိုသိလို့ ရွေးကောက်တာမဟုတ်ပါဘူး၊ နာခံဖို့ ရွေးကောက်တာဖြစ်လို့ ၁ပေ ၁း၂ ကပြောနေပါတယ်။ (၁ပေ ၁း၂ ကိုဆရာယုဒသန်ဘာသာပြန်တာ ဘယ်လိုမှ အဓိပ္ပါယ်မပေါ်လို့၊ မူရင်းကို ဘာသာပြန်ပါတယ်၊ Elect according to the foreknowledge of God the Father, through sanctification of the Spirit, unto obedience and sprinkling of the blood of Jesus Christ: Grace unto you, and peace, be multiplied. ခမည်းတော်ဘုရားသခင်၏ ကြိုတင်သိတော်မူ သောဥာဏ်တော်အားဖြင့်၄င်း၊ ဝိညာဉ်တော်၏ သန့်ရှင်းစေတော်မူခြင်းအားဖြင့်၄င်း နာခံခြင်းသို့ ရွေးကောက်တော်မူခြင်း ခံကြရသော၊ ယေရှုခရစ်တော်၏ အသွေးတော်ဖြင့် ဖြန်းခြင်းကို ခံကြရသော၊ သင်တို့ထံ၌ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် ပို၍ တိုးပွားလာပါစေသတည်း)။ ဒီကျမ်းပိုဒ်မှာ ဘုရားသခင်က ယုံကြည်သူတွေဟာ "နာခံခြင်းသို့ ရွေးကောက်ခံကြရတယ်" လို့ ပြောပါတယ်၊ နာခံလို့ ရွေးကောက်ခံရတာ မဟုတ်ပါဘူး။ ပြီးတော့ ယုံကြည်ခြင်းကို ဘုရားသခင်က ကြိုမြင်လို့လဲ မဟုတ်ပါဘူး၊ "သမ္မာတရားကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှာ၊ ဘုရားသခင်သည် ...သင်တို့ကို ရွေးကောက်တော်မူသည်" (၂သက် ၂း၁၃)။ ထာဝရအသက်ရဖို့ ခန့်ထားတဲ့ သူတွေကလွဲလို့ ဘယ်သူမှ ဘုရားသခင်ကို မယုံကြည်နိုင်ပါဘူး။ သခင်ယေရှုက သူပြောနေတာ အားလုံးအတွက် မဟုတ်ဘူး၊ သူရွေးကောက်ထားသူတွေကိုဘဲ ပြောနေတာလို့ ရှင်းရှင်းကလေး ပြောပါတယ်(ယော ၁၃း၁၈)။ ပြီးတော့ "မင်းတို့တို့က ငါ့ကိုရွေးကောက်တာ မဟုတ်ဘူး၊ ငါက မင်းတို့ကို ရွေးကောက်တာဖြစ်တယ်၊ ငါက ခွဲခန့်တာဖြစ်တယ်"လို့လဲ ဆက်ပြောပါတယ် (ယော ၁၅း၁၆)။ ကျွန်တော်တို့ကို ရွေးကောက်ရခြင်းဟာ၊ ကျွန်တော်တို့ထဲက တခုခုကို တည်မှီပြီး ရွေးကောက်တာ မဟုတ်ပါဘူး၊ သူ့ရဲ့ အစိုးရတော်မူသော ခွဲခန့်မှတ်သားတော်မူခြင်းအားဖြင့် ရွေးကောက်ခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ နှစ်သိမ့်စွာ နေနိုင်ကြတာဖြစ်တယ်။ စိတ်ချစွာ နေနိုင်ကြတာဖြစ်တယ်။ ဘုရားသခင်ရဲ့ ရွေးကောက်တော်မူခြင်းက ကျွန်တော်တို့ကို အာမခံပေးနေတာကတော့၊ ရွေးကောက်ခြင်းခံရတဲ့သူတွေကို စာတန်နတ်ဆိုးနဲ့ သူ့အပေါင်းပါတွေက ငရဲထဲ ကျသည်ထိအောင် မလိမ်မညာနိုင်ဘူး ဆိုတာပါဘဲ(မဿဲ ၂၄း၂၄)၊ ဘယ်သူမှလဲ ငရဲထဲ ပြန်ကျလောက်အောင် ပျက်ဆီးမသွားကြပါဘူး (ယော ၁၀း၂၇–၃၀)။ ဘုရားသခင်ကိုယ်တိုင်က အရာခပ်သိမ်းကို သိတော်မူတယ်၊ တန်ခိုးတော် ကြီးမားလွန်းတယ်၊ ဘယ်တော့မှလဲ ပြောင်းလဲတော် မမူဘူး(မာလခိ ၃း၆)။ ဒါ့ကြောင့် ဘုရားသခင်ရဲ့ ရွေးကောက်တော်မူခြင်းဟာ မပြောင်းလဲဘူး၊ မရွေးတော့ဘူး ဆိုတာမျိုး မရှိဘူး၊ နောက်ယုက်လို့လဲ မရဘူး၊ ရွေးပြီးသားကို ဘယ်သူကမှ ပြန်မဖျက်နိုင်တော့ဘူး။ ဘုရားသခင်ကိုယ်တိုင်က ရွေးကောက်ပြီးသူတွေကို ပြန်ရုတ်သိမ်းတာမျိုး မရှိပါဘူး (ဟေရှာ ၄၁း၉)။ လူတွေကသာ သူတို့တွေ ကောင်း

**စွာအသက်မရှင်လို့ လက်မခံတော့တာမျိုး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ လူတွေရဲ့ နာမည် အားလုံးဟာ ကောင်းကင်ဘုံမှာ ထာဝရ ရေးမှတ်ထားလျှက်ရှိနေပါတယ် (လုကာ ၁၀း၂၀)။ ဘုရားသခင်က ချွင်းချက်မဲ့ ကတိပေးတော်မူပါတယ်၊ သူတို့နာမည်များကို ကောင်းကင်နိုင်ငံတော် မှတ်တမ်းကနေ ဘယ်တော့မှ မဖျက်တော့ဘူးလို့ (ဗျာ ၃း၅)။ (နောက်တပတ်အဆုံးသတ်ပါမည်)**